
စိတ်ကူးချိုချိုအနုပညာ

# ကိုကိုသက်
# လေယူလေသိမ်း



mgyoe.com

ထပ်တူပဲ
လူတွေကတော့ ငါ့အသံမကြားခင်
ငါ့အရေပြားကို ကြည့်ပြီး
ငါဘာကောင်လဲဆိုတာ မှန်းဆကြတယ်
ငါ ပါးစပ်ဟလိုက်တယ်ဆိုရင်ပဲ
ငါ့ လေယူလေသိမ်းက
ငါဘာဒေသကလာပါသလဲဆိုတာကို ဖွင့်ချတယ်
ငါ့ အရေပြားရဲ့ ဘာဝရည်မှန်းချက်က
အလေးမရှင် အပိုင်သိမ်းသူတွေ
မှားကြောင်းသက်သေပြဖို့
အဲဒါကြောင့်
ငါ့ ပါးစပ်ကို အမြဲပိတ်ထားပြီး
ငါ့အရေပြားကို အမြဲဖုံးထားတယ်
ငါ့လေယူလေသိမ်းနဲ့ ငါ့အရေပြား
ဘယ်သူ့သစ္စာပိုရှိလဲငါမပြောနိုင်ဘူး
မရောင်ရဲနိုင်တော့ နေ့ရက်မှာတော့
ငါ့အရေပြားနဲ့ ငါ့လေယူလေသိမ်း
ထပ်တူပဲ
လူတွေကတော့ ငါ့အသံမကြား
ငါ့အရေပြားကို ကြည့်ပြီး

POEM0034
1,800.00 KS

mgyoe.com

လေယူလေသိမ်း၊ ကိုကိုသက်
မျက်နှာဖုံးနှင့် အတွင်းပန်းချီ - ငွေအိမ်ထက်မြက်
စာမျက်နှာ ၁၀၀+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လေယူလေသိမ်း

ကိုကိုသက်

ပထမအကြိမ် ၂၀၀၁

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

လေယူလေသိမ်း မာတိကာ


၁။ ကျင်းတွေ့တိုင်း လက်တဆုံး မနှိုက်နဲ့ ၁
၂။ ကဗျာဆရာတွေ၊ ကဗျာဆရာတွေ ၃
၃။ မင်းသားရဲ့ နာရေး ၆
၄။ မြို့တစ်မြို့ကိုအစိမ်းလိုက် စားနည်းများ ၇
၅။ အမျိုးသားဝတ်စုံ ၁၂
၆။ သမိုင်းနဲ့ လမ်းလျှောက်ထွက်ခြင်း ၁၈
၇။ ရဲရဲကြီး ဖလန်းဖလန်း ၂၁
၈။ လေယူလေသိမ်း ၂၃
၉။ မြို့ပြမျက်နှာသစ် ၂၅
၁၀။ နိုင်ငံရေးနဲ့ ငြိခြင်း ၂၇
၁၁။ ရွာသာကြီး ၂၉
၁၂။ စာဘူးတောင်းသိုက်တွေ ၃၁
၁၃။ ရေတိမ်နစ်တဲ့ မြစ် ၃၃
၁၄။ မိုနိုဆိုဒီယမ် ဂလူတမိတ် ၃၅
၁၅။ မြို့တော်ရန်ကုန်က သေးခွက်ကြီးတွေ ၃၈


mgyoe.com

mgyoe.com


၁၆။ လူငယ် ၄၀

၁၇။ ချိုင်းမွေး ၄၁

၁၈။ အနော်ရထာလမ်း ၄၄

၁၉။ ကလေးမသာတွေ ၄၆

၂၀။ တောင်တွင်းကြီးမြို့ပေါ်က တိမ်ကြက်ဥတွေ ၄၉

၂၁။ ခေါင်းဆောင်ကြီးကြေးရုပ် အောက်တည့်တည့်က
ရေပုပ်မြောင်းကြီး ၅၀

၂၂။ ကော်ပတာ ၅၂

၂၃။ လေကြီးမိုးကြီး ၅၄

၂၄။ အဂ္ဂိရတ် ၅၅

၂၅။ ငြိမ်းချမ်းရေးဟာ အင်မတန် အရေးကြီး ၅၉

၂၆။ စိန်ဂေါ်လီ ၆၁

၂၇။ ဘုန်းကြီးပျံ ၆၄

၂၈။ မာမာအေး ၆၇

၂၉။ ရွာသာကြီး – ၂ ၆၉

၃၀။ ပုံထဲပါချင်ကြသူများ ၇၂

၃၁။ ကြွက်တွေ ၇၄

၃၂။ လက်ဆောင် ၇၆

၃၃။ ရွတ်ခြင်းအနုပညာ ၇၉

၃၄။ ချင်းတွင်း ၈၁

၃၅။ အမေနဲ့ အမေ့ သားသမီးတွေ ၈၂

၃၆။ ကျိုးကြောင်းဆင်ခြင်နိုင်တဲ့ ခေတ်ကြီးထဲ
လက်သီးဆုပ် ထိုးထည့်ကြည့်ခြင်း ၈၄

၃၇။ ဝါရှင်တန်မှာ မသာပန်းပွင့် ၈၆

၃၈။ မွေးကင်းစ ၈၇

၃၉။ ရာသီတုပ်ကွေး ၈၉

၄၀။ ကတ်ကြေး–စက္ကူ–ကျောက်တုံး ၉၁

၄၁။ ရေဆင် ၉၃


mgyoe.com

mgyoe.com

၄၂။ ကောက်ရိုးလူပုံပြင် ၉၅
၄၃။ ကောက်ရိုးလူပုံပြင် [ပြောင်းပြန်] ၉၇
၄၄။ ဒီမတိုင်ခင် ၉၉
– အသိအမှတ်ပြုလွှာ နောက်ဆက်တွဲ(က)
– ကဗျာရေးသူ ကိုယ်ရေးအကျဉ်း နောက်ဆက်တွဲ(ဂ)

■

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com


## ကျင်းတွေ့တိုင်း လက်တဆုံး မနှိုက်နဲ့

ကဏန်းကျင်း၊ ပုစွန်ကျင်း၊ မြွေကျင်းဖြစ်နေရင် တော်သေး
အစိပ္ပာယ်ကျင်းဆိုရင် ငါးပါးမှောက်မယ်
အဲဒီကျင်းက တဆုံးနှိုက်ထားတဲ့ လက်ကို ဆွဲမျိုသွားရင်
ကယ်ပါယူပါ တဆာဆာနဲ့ လူတစ်ကိုယ်လုံးတဖြည်းဖြည်း
ကျင်းမျိုတာခံသွားရမယ်
လူကို လူမျိုလို့ လူမျိုးမပြုတ်
လူကို အစိပ္ပာယ် မျိုမှ လူမျိုးပြုတ်မယ်
ပုရွက်ဆိတ်စားကောင်ကို အားကျတဲ့ လူတချို့ဟာ
လေးဘက်ထောက်ပြီး
အစိပ္ပာယ်ကျင်းထဲ လျှာထိုးထည့်ကြည့်ကြတယ်
လျှာတွေ ပြတ်သွားကြ
ကျင်းထဲ ချော်ကျသွားတဲ့ ခြေထောက်
အရိုးငေါက်ငေါက် သွေးစိမ်းရှင်ရှင်နဲ့ ပြန်ထွက်လာခဲ့
ကျင်းထဲကို ရေလောင်းထည့်တယ်
ဘာမှမထူးခြား
ကျင်းထဲကိုအရက်လောင်းထည့်တယ်
အဲဒီကျင်းကကြွက်တွင်းဖြစ်နေတယ်
ကျင်းပေါက်ဝမှာ ကောက်ရိုးပုံမီးရှို့ကြတယ်

mgyoe.com

mgyoe.com


ဘာအဓိပ္ပာယ်မှမရှိဘူး
တချို့ကလည်း ကျင်းရှေ့ တယောသွားထိုးပြီး
အဓိပ္ပာယ်ကို ဂီတနဲ့ မြှူဆွယ်ကြတယ်
ကျင်းအောင်းနေတဲ့ အဓိပ္ပာယ်ဟာ နေရောင်နဲ့ တွေ့ရင်
မျက်လုံးကန်းသွားတတ်လို့ နေ့ဘက်ဘယ်တော့မှ မထွက်
အဓိပ္ပာယ်ရှာသူတွေကင်းတဲ့ အကာလမှာ အစာရှာထွက်တယ်
တစ်ခါတလေအမွေးရိတ်ထားတတ်တဲ့အဓိပ္ပာယ်ဟာ
ထုံးစံအတိုင်းတော့အမွေးစုတ်ဖွားနဲ့
သူလိုချင်တဲ့ အသွင်ကိုယူနိုင်တယ်
ဘားထဲမှာ မင်းကိုပြုံးပြနေတဲ့ သူစိမ်းရဲ့ အပြုံးမှာ အဓိပ္ပာယ်ရှိတယ်
ဘဏ်စာရေးမရဲ့ လက်မှတ်မှာ အဓိပ္ပာယ်အတောင့်လိုက်ပါတယ်
လေတိုက်လို့ သစ်ရွက်တွေလှုပ်တာအဓိပ္ပာယ်အပြည့်
အဓိပ္ပာယ်ကို ပိုက်ဆံသွားမချေးနဲ့
မင်းပိုက်ဆံပြတ်နေရင်တောင် သူက ပြန်ဆပ်မှာမဟုတ်
အဓိပ္ပာယ်ကို သွားမသနားနဲ့
မင်း ဒုက္ခရောက်တဲ့အခါ ဘယ်သူမှ လာကူမှာ မဟုတ်
အဓိပ္ပာယ်မရှိတဲ့ဘဝထဲ အဓိပ္ပာယ်ကျင်းတွေ ပေါမှပေါ
အဓိပ္ပာယ်ကျင်းဟာဆင်းရဲတွင်းထက် နက်တယ်

mgyoe.com

mgyoe.com


## ကဗျာဆရာတွေ၊ ကဗျာဆရာတွေ

ကာမ ရာဂကိုမျှော့လိုစုပ်ကြသူတွေ
လောကကြီးကိုချစ်တဲ့အချစ်တွေဘီယာမြှုပ်လို တဖွားဖွားထနေသူတွေ
မဟာကရုဏာအတုံးအခဲကြီးတွေ၊ အနှိုင်းမဲ့မုဒိတာကြီးတွေ
တော်လှန်ရေးသမားကြီးတွေ၊ ထောင်ထွက်ကြီးတွေ၊ ဆရာ့ဆရာကြီးတွေ
သင်္ခါရနဲ့ ကျောချင်းကပ်နေတဲ့ထွက်ရပ်ပေါက်ကြီးတွေ
သူများဟာပဲလိုချင်သူတွေ
ထိပ်ပြောင်မှာဆံပင်ပေါက်နည်းကဗျာရေးပြီးကတုံးပေါ်ထိပ်ကွက်သူတွေ
ဘာသာစကားနဲ့ ဘာသာတရားမကွဲပြားသူတွေ
တစ်ယောက်အသုဘတစ်ယောက်လှည့်တက်နေသူတွေ
လာ၊ မလာ အကြောင်းပြန်ဆိုတဲ့ ဖိတ်စာပို့ရင် လာမယ်လည်း မပြော
မလာဘူးလည်း မဆို လျစ်လျူရှုလိုက်တဲ့ဟာတွေ
ဘာမှမမေးခင်အဖြေကြိုသိကြသူတွေ
ပါးပါးလေး လှီးပြီး၊ အတုံးလိုက် အတစ်လိုက် ထည့်တတ်သူတွေ
ပိုင်အောင်ချည် ရိုက်၊သေမသေသေချာအောင်တုတ်ရှည်ရှည်နဲ့တို့ကြည့်ပြီးမှ
ပလိုင်းထဲ ကောက်ထည့်ရဲသူတွေ

mgyoe.com

mgyoe.com


ဘူးသီးသီးရင်ညီရင်းအစ်ကိုတော်ဖို့အသင့်ရှိသူတွေ
ဆယ်နှစ်ဆယ်မိုးနှပ်ထားတာတွေကို မေ့နေတတ်သူတွေ
သွေးနားထင်ရောက်နေသူတွေ
မြေပွေးရဲ့ ခါးပိုက်ထောင်ထဲကမြွေပွေးတွေ
တလွဲဆံပင်ကောင်း၊ စာဘူးတောင်းနားတောင်းပန်သူတွေ
ဆေးမှင်ကြောင်ထိုးအပ်နဲ့ ပေါက်ရင် ဘယ်လောက်နာနာ
ဆံပင်ညှပ်ရမှာကျ သေမလောက်ကြောက်သူတွေ
ကမ္ဘာကြီးကိုထမ်းပိုးထားပြီးမိသားစုတာဝန်မကျေသူတွေ
နိုင်ငံရေးမှာပွင့်လင်းမြင်သာမှုကို တောင်းဆိုပြီး
သူ့တို့ကျမည်းမှောင်ပိတ်လှောင် အမိဗ္ဗာယ်ဝေဝါး သူတွေ
ကျွန်စနစ်ကို ဆန့်ကျင်တဲ့ ကမ်ပိန်းကို ဦးဆောင်ပြီး
ခိုင်းကောင်းသူကို တစ်ပြားမှမပေးဘဲစွတ်ခိုင်းသူတွေ
အမျိုးသမီးအခွင့်အရေးအတွက် အိမ်ကမိန်းမကို မှန်မှန်
ပညာပေးသူတွေ
ဘော်ဒီ ဆိုတဲ့စာလုံးကို မြန်မာလို စာလုံးပေါင်းမှန်ဖို့
အင်္ဂလိပ်အဘိဓာန်နဲ့ အရင်တိုက်ချင်သူတွေ
ထီမထိုးထားဘဲထီလက်မှတ်ပျောက်နေပြီးမှ ထီတိုက်ဖို့ သတိရသူတွေ
ကဗျာအရာပြီးမြောက်ရင်အရာရာပြီးမြောက်တယ်

mgyoe.com

အဲဒါကြောင့်ဆရာဝန် ကဗျာဆရာ၊ အိမ်ရှင်မ ကဗျာဆရာ၊ ပွဲစား
ကဗျာဆရာ၊ ရုပ်ရှင်သမား ကဗျာဆရာ၊ဘောလုံးသမားကဗျာဆရာ၊
ဘောစိကဗျာဆရာ၊ ဝေဒနာရှင်ကဗျာဆရာ၊ ထုတ်ဝေသူကဗျာဆရာ၊
ဘာသာပြန် ကဗျာဆရာ၊ အံ့ဆွဲအတွက်ပဲ
ရေးတဲ့ကဗျာဆရာ၊ ဂီတပညာရှင်ကဗျာဆရာ၊ စကြာဝဠာက ချရတဲ့
ကဗျာဆရာ၊ ကြော်ငြာရေးစားတဲ့ ကဗျာဆရာ၊ ပရော်ဖက်ဆာ
ကဗျာဆရာ၊ နိုင်ငံရေးသမား
ကဗျာဆရာတွေအောင်မြင်တယ်
တွေ့ရခဲတာက ကဗျာဆရာ ကဗျာဆရာ
မရှိသလောက်ကို ရှားတာက ကဗျာဆရာ့ ကဗျာဆရာ
အဲဒီထဲမှာ တချို့တွေက တက်ကြွပုံများ
လူရည်လည်ပုံများ ဂျက်ပန်ကာထိပ်မှာတို့ထားတဲ့ ထုံးစက်က
အဘခေါ်ရ
မီးပြတ်သွားလို့ ငုပ်တုပ်မေ့နေမှအဲဒီလိုဆရာမျိုးကိုဖမ်းမိတာ
တချို့ကျတော့ အ တာလား၊ လူကြောက်တာလား၊
အပျင်းထူတာလားမသိ
သူ့ ခြံထဲက သရက်တောင်ကြွေသီးပဲ ခိုးကြောင်ခိုးဝှက်
ကောက်စားတတ်
အဲဒီဆရာမျိုးကိုဖူးချင်ရင် အရက်ပုလင်းနဲ့သူ့အိမ်ကိုသွားပါ

mgyoe.com

mgyoe.com

## မင်းသားရဲ့ နာရေး

ဘယ်မင်းသား သေသေ အသေစောလို့ နှမြောရတာချည်း

မင်းသားရဲ့ သေခြင်းကို ဘယ်သူမှမျှော်လင့်မထားတာချည်း

ဒီမင်းသားက ထူးခြားတယ်၊ စည်တော်၊ ဆိုင်းဝိုင်း၊ နှဲ၊ နှဲကြီး၊

တယော၊ စန္ဒရား၊ ပတ္တလား၊ မိကျောင်း၊ စောင်း၊ ပလွေ

ဘာလာလာ တစ်မိုးလုံးဖျောက်ဆိပ်၊ ဆိုတတ်၊ တီးတတ်၊ မှုတ်တတ်

တစ်ညတာအဖော်နဲ့တောင် အနည်းဆုံး ပုံစံ နှစ်ဆယ့်သုံးမျိုး

အိပ်ရမှကျေနပ်တဲ့အာဂမင်းသား၊ တကယ်တော့ မင်းသားဟာ

မင်းသမီးလည်းဖြစ်ခဲ့၊ အဲဒီမင်းသမီးကမင်းသားကြီးမလုပ်ရလို့

ပတ်မကြီးထိုးခွဲလဲသေပြသွားတာ

mgyoe.com

## မြို့တစ်မြို့ကို အစိမ်းလိုက် စားနည်းများ

[မရောက်ချင်ဘဲ ရောက်နေရတဲ့ မြို့မှာဆိုရင်]

ဒူးရင်းသီးလို စားပါ
ဒူးရင်းဆိုတဲ့ အသံကြားတာနဲ့ အော့နလုံးနာတတ်သူလို
ဒူးရင်းသီးကို စားပါ
ဒူးရင်းကျွန်းမှာ မင်း သောင်တင်နေတာ
ဒူးရင်းသီးရဲ့ ထောင့်မကျိုးတဲ့ပုံစံကိုကော၊ စစ်သားခြေအိတ်နံ့ကိုကော
မင်းရှုံ့တယ်
အာဟာရပြတ်လာတဲ့အထိ စောင့်
စားရင်စား၊ မစားရင် လဲသေလိုက်
မျောက်ကဆင်းသက်တဲ့ကောင်မျောက်ဇာတိသွေး ပြဖို့လိုတယ်
ဆူးချွန်တွေနဲ့ ဒူးရင်းခွံကို ကျောက်တုံး တစ်တုံးပေါ် ရိုက်ခွဲ
အရည်ရွှဲနေတဲ့ ဒူးရင်းသားစိုစိုလေးထဲ လက်ချောင်းလေးတွေ
အသာအယာ နှိုက်သွင်း

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


ဒူးရင်းသီးကို မကြည့်မိစေနဲ့၊ အနံ့မခံမိစေနဲ့
အသက်အောင့်ထား၊ နှာခေါင်းပိတ်ထား
ဒူးရင်းသားကို လည်ချောင်းထဲ အတင်းထိုးထည့်
အစေ့ကို မျိုမချနဲ့
ကျင့်သား ရလာပါလိမ့်မယ်

[လေယာဉ်ပြောင်းစီးရမယ့် မြို့မှာဆိုရင်]

လမ်းလျှောက်ရင်း ခေါက်ဆွဲစားသလို စားပါ
လမ်းလျှောက်ရင်း ခေါက်ဆွဲစားတာ လေယာဉ်မောင်းရတာထက်
ပိုခက်တယ်
မင့်လက်တွေဟာ တူကိုင်တတ်ရမယ်
မင့်ခြေထောက်တွေက လမ်းရဲ့ အကြောကို သိဖို့လိုတယ်
မင့်ပါးစပ်ကလည်း အရသာခံနေမယ်
မင်း ဘယ်သွားချင်လဲ မင်းသိဖို့ပဲ

လူကူးမျဉ်းကျားတွေ၊ မီးနီ၊ မီးစိမ်း၊ မီးဝါ၊ လမ်းလျှောက်ထွက်လာတဲ့
ခွေးတွေ
ဝှစ်ကနဲ ဖြတ်သွားတဲ့ စက်ဘီးတွေ၊ ရဲမေတွေ၊
စတိုးဆိုင်အခင်းအကျင်းတွေ၊
အသုံးတည့်မှုရှေးရှုဆောက်ထားတဲ့ အဆောက်အဦးတွေ၊ ဖက်ရှင်ကျတဲ့
ဒေသခံတွေ . . .

mgyoe.com

mgyoe.com

လူတွေနဲ့ ဂြိုဟ်သားတချို့ပဲ လမ်းလျှောက်ရင်း ခေါက်ဆွဲစားတတ်တာ
ဘူးထဲက ခေါက်ဆွဲကုန်ခါနီးရင် အမှိုက်ပုံးကို ကျီးကန်းတောင်းမှောက်ရှာ
ဘာမှမကျန်တော့တဲ့ ခေါက်ဆွဲဘူးကို လွှင့်ပစ်
လမ်း ဆက်လျှောက်ပါ

[မင်းကို သူ့လင် မသိအောင် လေယာဉ် လက်မှတ်ဝယ်ပေးတဲ့
ချစ်သူနဲ့ မြို့တစ်မြို့မှာ ချိန်းတွေ့ရင်]

အခြေအနေက မင်းသိတဲ့အတိုင်း
သိပ်ပျော်စရာ ကောင်းတဲ့ခရီး
အလကား စားရမှာလေ
ခရီးသွားရခြင်းကကော၊ ခရီးဆုံးပန်းတိုင်ကပါ အူမြူးကြည်နူးစရာ
ယူ၊ အေးအေးဆေးဆေးသာ ယူ

အလုပ်ကယူလာတဲ့ လစာပေးခွင့်ရက်တွေ ကုန်တဲ့အထိ
ဘယ်သူနဲ့မှ ဝေမစားနဲ့
မင့်မုန့်ပစ်စလက် မင်းလက်ထဲက လွတ်မကျစေနဲ့
အိမ်က ဟာကြီးလည်း လုံးဝ မသိစေနဲ့

သိုသိုသိပ်သိပ် ရှိပါစေ
မသိုသိပ်ရင် တံတွေးခွက်ထဲ ပက်လက်မျောမယ့် အပေါက်
အောင်မြင်ရင်တော့ မင်းဟာအဲဒီလှို့ဝှက်ချက်ထဲ
ရာသက်ပန် အကျဉ်းကျခံရမှာ

mgyoe.com

[အဲဒီမြို့ကို ဘာကိစ္စနဲ့ ရောက်နေမှန်း မသိတဲ့အခါ]

ငါးစာကို လှည့်ပတ် ဖွဲ့စားပြီး ငါးမျှားချိတ်ကို
လုံးဝမဟပ်တဲ့ငါးလိုစား
ငါးမျှားချိတ်ထိပ်က သွားရည်ယိုချင်စရာ တီကောင်ရဲ့ သွေးညှီနံ့
တီကောင်ရဲ့ ဝေဒနာကို နားလည်ချင်ရင်တော့
တီကောင်ကို ဟပ်ကြည့်လိုက်လေ
ဒီတစ်ခါတော့ ရက်ရောပြလိုက်ပါ
အဲဒီ တီကောင်ကို သူများတွေ ဟပ်ပါစေ
တီကောင်ရဲ့ ဗိုက်ကို ဖောက်ပြီး ချိတ်နဲ့ ဘယ်လိုသီထားတယ်ဆိုတာ
လေ့လာ
ငါးမျှားကြိုး၊ကြိုးထုံး၊ ဖော့၊ နေရောင်စတဲ့အခင်းအကျင်းတွေကို
အသေအချာသုံးသပ်
ငါးပွက်ရာ ငါးစာချလို့ ပွက်လာတဲ့ ရေပွက်ပေါ်ကျနေတဲ့
ငါးမျှားသူရဲ့ အရိပ်ကို ဖောက်ထွက်
ငါးမျှားသူကိုရေထဲကနေ မော်ကြည့်ပြီး

'ကျွေးကားကျွေး၏ မဝ' လို့
လှမ်းဆဲလိုက်

mgyoe.com

mgyoe.com

## အမျိုးသားဝတ်စုံ

[ခေါင်းပေါင်း]

ဦးထုပ်တစ်လုံးလို ကောက်စွပ်သွားနိုင်ဖို့
ကြိမ်ပုံစံခွက်ပေါ် ပိုးတု ပဝါစပန်းရောင် ပတ်ပေးထားတာ
ခေါင်းပေါင်းမှာ ဦးထုပ်လို အလျှော့အတင်း
လုပ်လို့ရတဲ့ မျှော့ကြိုးမပါလေတော့ခေါင်းပေါင်းဝတ်သူဟာ
ဦးရုံစားခေါင်းပေါင်း မဝတ်ချင်ဘူးဆိုရင်
ခေါင်းကို အချိန်ပြည့် ပေါင်းတင်ပေးတဲ့
ကြပ်ကြပ်ကြီး ခေါင်းပေါင်းဒဏ်ကို ဦးဆွေးဆံမြည့် ခံရမယ်

မောင့်ကျက်သရေဆိုတာ ခေါင်းပေါင်းဝတ်သူ
အားရှိအောင် ဆေးထိုးတဲ့ ကုန်အမှတ်တံဆိပ်
ခေါင်းပေါင်းဝတ်သူ တကယ်ကျက်သရေ ရှိ မရှိ
သူ့မိန်းမကိုမေးကြည့်

mgyoe.com

mgyoe.com


အနောက်တိုင်းမှာတော့ ဦးထုပ်တွေမှာ
ဖိနပ်တံဆိပ်ကပ် ကြော်ငြာတယ်
ကြိုက်ကြတယ်၊ ဝတ်ကြတယ်
ခေါင်းပေါင်းတွေ တလူလူ ပြန်ဖြစ်နေတဲ့ ဒီဘက်ခေတ်မှာ
ဆင်ကြယ်ခေါင်းပေါင်း၊ ဆင်ခြောက်ကောင်
ခေါင်းပေါင်းတွေ မြင်နေရပြီ

လူကြီးမင်းအနေနဲ့ ပုံစံခွက်ခေါင်းပေါင်း မသုံးလိုဘဲ
ပိုးပဝါစစ်စစ်လေးနဲ့ ကျကျနန ခေါင်းပေါင်းချင်သပ ဆိုရင်ဖြင့်
လူပြက်တွေဆီ သွားသင်နိုင်ပါတယ်

[တိုက်ပုံ]

ဒီဇိုင်းကိုက အပြစ်အနာအဆာရှိတဲ့ အတွက်
တိုက်ပုံဝတ်သူတိုင်း ချိုင်းကြားနှစ်ဖက်လုံး သေနတ်အိတ်
ထည့်ထားသလို ခိုးလိုးခုလုဖြစ်နေတတ်တယ်
တိုက်ပုံနဲ့ လမ်းလျှောက်ရင် လက်ကိုနည်းနည်းကား
လျှောက်ရတော့မင်္ဂလာပွဲမှာ သတို့သားလက်ကို
သတို့သမီးလက် ချိတ်ဖို့ အဆင်ပြေတယ်
ကားထားရတဲ့လက်ဟာ လက်မှတ်ထိုးမယ်ဆိုရင်
စားပွဲပေါ်က စာချုပ်စာတမ်း၊ အစီရင်ခံစာတွေနဲ့ ပိုနီးစပ်တယ်

mgyoe.com

mgyoe.com


တိုက်ပုံနဲ့ ရင်ဘတ်အိတ်ထောင်မှာ ကြိုးဆွဲနာရီ အိတ်မြောင်ရှိပေမဲ့
တိုက်ပုံဝတ်သူဟာ ကြိုးဆွဲနာရီပတ်လေ့မရှိဘဲ
ကားထားတဲ့ဘယ်လက်ပေါ်က ကြိုးဆွဲနာရီလွန်ခေတ်
လက်ပတ်နာရီကို တကြည့်ကြည့်နဲ့ တိုက်ပုံကြောင့်ဖြစ်တဲ့
စိတ်ကျဉ်းကြပ်မှုကို ဖြေရှင်းလေ့ရှိတယ်

တိုက်ပုံဟာ ခါးတိုအပေါ်အင်္ကျီ ဖြစ်တဲ့အတွက်
နောက်ကကြည့်ရင် တိုက်ပုံဝတ်သူရဲ့ တင်သားကို
အထင်းသားမြင်ရတယ်
တိုက်ပုံကို တရုတ်က မတင်သွင်းခင်က
ရှေးဗမာကြီးတွေဟာ အညာနွေနဲ့ကိုက်တဲ့ လန်ကွတ်တီနဲ့ပဲ နေခဲ့ကြ

ခုတော့ ကချင်၊ မွန်၊ ရခိုင်၊ တရုတ်အားလုံး တိုက်ပုံပဲ
အဖေနဲ့အမေ မင်္ဂလာဆောင်တုန်းက
အဖေဝတ်ခဲ့တဲ့ မောင်ဆောင်းပိုးတိုက်ပုံဟာ အဖြူရောင်လား၊
နို့နှစ်ရောင်လား
အဖြူ အမည်းဓာတ်ပုံထဲမှာတော့ မမည်းတဲ့နေရာ ဖြူတာချည်း
ငယ်ငယ်တုန်းက အဲဒီတိုက်ပုံကို ငါ ခြုံအိပ်နွေးထွေးနိုင်တယ်
ခုတော့ ငါ့ကိုယ်လုံးက အဖေ့တိုက်ပုံထက် နှစ်ဆကြီးသွားပြီ
ငါ့ကအဖေ့ထက် တစ်လကြီးခဲ့ပေါ့

အနောက်တိုင်းသားကြီးတွေ တိုက်ပုံဝတ်တာမြင်ရင်
ငါ ကြက်သီးထတယ်

mgyoe.com

mgyoe.com


[လုံချည်]

ရှေးဗမာကြီးများလယ်ထွန်ရင် တောင်ရှည်နဲ့
လက်မှုလယ်ယာအဆင့်က မတက်ခဲ့
သုံးတောင်ဝတ်လုံချည်ဆိုတာ ကိုလိုနီခေတ်ပေါ်
လုံအောင်ချည်လို့ရတော့်ပေါ့ဆိုတာက
နှစ်တောင့်တစ်ထွာလောက်ရှိတဲ့ ခေတ်ပြိုင်လုံချည်
ဒါတောင် မော်ဒန်လွန်တိုက်ခန်းကျဉ်းနေသူအတွက်
လုံချည်ဟာ ဘောင်းဘီထက်အဝတ်လှန်းစင်မှာ နေရာပိုယူတယ်

ပုဆိုးခြုံပြီး လက်သီးပြသူဟာ မီးဖိုချောင်သုံးလက်အိတ်ဝတ်ပြီး
လက်ခလယ်ပြသူထက် ပိုမိုက်တယ်၊ တောင်တက်တာချင်း တူတူ
တောင်ထိပ်ရောက်တာချင်းတူရင်တောင်
လုံချည်ဝတ်တတ်သူရဲ့ ကပ်ပယ်အိတ်ဟာ ပင့်လေနအေးပိုရတယ်

ကားတွယ်စီးရင်း လုံချည်ကျွတ်ကျလို့
အရှက်နဲ့ အသက်လဲသွားသူတွေမနည်း
အပင်အချင်းချင်းအပွေးမြင်အပင်သိသလို

mgyoe.com

လုံချည်အဆင်၊ လုံချည် စည်းပုံ၊ လုံချည် အတိုအရှည်၊
လုံချည်ဝတ်လမ်းလျှောက်ပုံခါးပုံစနဲ့ မျက်မှန်သုတ်ပုံ၊
ခါးပိုက်ထောင်ထဲ မြွေမွေးထည့်ပုံ၊ လုံချည်ကို ဟန်ပါပါမပုံတွေဟာ
လုံချည်ဝတ်သူအချင်းချင်းအကြောင်း
အောက်စလွတ်ပြသလိုပြတတ်တယ်–
ဘောင်းဘီဝတ်တွေဆီက ဘာမှမမျှော်လင့်နဲ့

[ကတ္တီပါဖိနပ်]

သက်ဦးဆံပိုင်ခေတ် ကတ္တီပါဖိနပ်ဆိုတာ
မင်းညီမင်းသမီးတွေအတွက်သက်သက်
လူထုကြီးဟာ ခြေတုံးလုံး လွတ်လပ်ခဲ့

ယနေ့မြန်မာပြည်မှာတော့
ကလေးလုပ်အားနဲ့ ပေါပေါသီသီ
လုတ်လုပ်ထားတဲ့ ကတ္တီပါဖိနပ်ကို လူထုကြီးစိတ်တိုင်းကျ စီးနိုင်ပြီ

mgyoe.com

mgyoe.com


မိုးစိုမခံတဲ့ကတ္တီပါဖိနပ်ရဲ့ တွဲဖက်ရောင်းကုန်
ရွှေထီးကိုလည်း လူထုကြီး မှန်းလိုက မှန်းနိုင်ပြီ

ရပ်ကွက်ထဲခွေးအမဲလုံးပစ်တဲ့နေ့က
မြောင်းပုပ်ဘေး ခွေနေတဲ့
သဲကြိုးပြတ် ကတ္တီပါဖိနပ်တစ်ဖက်ကမဲ့ပြုံး ပြုံး ပြောတယ်

တကယ်တော့ ဘယ်သူမှ နင်းပြားဖြစ်ချင်တာ မဟုတ်
ကတ္တီပါဖိနပ်တိုင်းရဲ့ အိပ်မက်ကရွှေထီးဖြစ်ဖို့
ဒါပေမဲ့ ဖိနပ်တစ်ရံမှာ ဖိနပ်တစ်ဖက်ပဲရွှေထီးဖြစ်ခွင့်ရှိလေတော့
ကတ္တီပါဖိနပ်ဆိုတာ သူ့အမြွှာကိုသတ်ဖို့ အမြဲချောင်းနေရတယ်

မြောင်းပုတ်ဘေးက ကတ္တီပါဖိနပ်အပြတ်ဟာ
ရွှေထီးဖြစ်ရေး ညီအစ်ကိုအချင်းချင်း သတ်ပွဲမှာ ရှုံးသွားသူ

ဘုရင်မင်းမြတ်ကို အခု မိုးထားတဲ့ရွှေထီးက သူ့အစ်ကို

mgyoe.com

mgyoe.com


## သမိုင်းနဲ့ လမ်းလျှောက်ထွက်ခြင်း

မောင်သာနိုးအတွက်

အတိတ်ကာလမရှိတဲ့
မင်းရဲ့ ဘာသာစကားနဲ့
သမိုင်းကိုမင်း ဘယ်လို ရေးလဲ

ဘာကိုမှ ငါ မတောင်းဆိုခဲ့ဘူး။ သမိုင်းကငါ့ကိုခလုတ်
ဝင်ဝင်တိုက်နေတာတစ်ခါမကတော့

ခမ်းခမ်းနားနားညစာစားပွဲတွေ သမိုင်းနဲ့ မတက်ဖူးဘဲ
မင်းကိုမင်းသမိုင်းဝင်လို့ ဘယ်လိုသတ်မှတ်လဲ

အဲဒါလည်စလုတ်ထဲကပန်းသီးပိုး
အဲဒါထင်းရှူးပင်အခေါက်နဲ့ လုပ်တဲ့ပေါင်မုန့်ကြမ်း
အဲဒါပိုတမ်ကင်စစ်သင်္ဘောပေါ်ကလောက်တက်နေတဲ့အသားဝေစု
အဲဒါဆီဈေးတက်သွားတာ
အဲဒါဆန်တစ်ပြည်အတွက်အကုသိုလ်တစ်ပိဿာ
အဲဒါဖူးလီစားသောက်ဆိုင်ငရဲမီးဖိုထဲကသံမဏိစားဖိုမှူး

mgyoe.com

mgyoe.com


မင်းရဲ့ မြို့ အခြေအနေကကော

သမိုင်းလမ်းဆုံမှာပိုက်ဆံပေးတက်ရမယ့်မိုးပျံလမ်းကြီးတောင်ဆောက်နေပြီ

သမိုင်းမယ်တော်ရဲ့ လေယာဉ် ဘယ်တုန်းကဆိုက်လဲ

ဒီမနက်နှစ်နာရီခွဲလောက်က

သမိုင်းမယ်တော်နဲ့ ပါလာတာတွေ အကောက်ခွန် ကင်းလွတ်ရဲ့လား

သမိုင်းမယ်တော်ကအကောက်ခွန်ကင်းလွတ်တယ်
ထင်ပေမဲ့အကောက်ခွန်ကသမိုင်းမယ်တော်ကို ကိုယ်တုံးလုံးချွတ်ခိုင်းပြီး
ရှာတော့တာပဲ

သူ့ကိုယ်ပေါ်မှာဘာတွေတွေ့လဲ

mgyoe.com

ဖော်ကောင်တစ်ကောင်၊ခရုသင်းမှုတ်သူတစ်ယောက်၊သေလုမျောပါးဖြစ်နေတဲ့
ဆေးလိပ်ခုံလုပ်ငန်း၊ အာဏာသိမ်းတံဆိပ်နဲ့ အပေါစား စစ်ဖိနပ်တစ်ရံ၊
လူထုစိတ်ရောဂါကုဆရာဝန်ဒေါက်တာနိုင်ငံတော်ရဲ့လူမျိုးခွဲခြားရေးဝါဒနဲ့
လူမျိုးခွဲခြားရေးပြောင်းပြန်ဝါဒဆိုတဲ့ သားအမွှာနှစ်ယောက်၊
ပိုးဟပ်ဖြူတစ်ကောင်၊ ကြောင်သူတော် အယောင်ဆောင်ထားသူ
တစ်ယောက်

ပြီးတော့ –

ခင်ဗျားတောင်ဘယ်လိုအသံထွက်ရမှန်းသိမှာမဟုတ်တဲ့ နာမည်ပိုင်ရှင်

အရပ်ပစ် ပြေးလာသူ တစ်ယောက်ကို တွေ့တယ်

mgyoe.com

mgyoe.com


## ရဲရဲကြီး ဖလန်းဖလန်း

အစစ်ပင် ရေလောင်းစရာမလို
ပေါင်းသင် အလုပ်ရှုပ်ပြနေသူတွေကို
အဲဒီလို ပက်ပက်စက်စက် ပြောပစ်လိုက်
လူကို လူမျိုး၍ လူမျိုးမပြုတ်၊ လူကို မြေမျိုမှ လူမျိုးပြုတ်မည်
ရေမဆေးကျောက် ပွဲစားတွေကို အဲဒီလို သတိပေးလိုက်
စားရလေ ငတ်လေတွေ ဘေးကင်းရန်ကွာကြပါစေ
စစ်ရှောင်ပြေးသူတွေ စားရလေ ငတ်လေဘေးကင်းကြပါစေ
ဘနဖူးသိုက်တူးက ကိုယ့်နဖူး သူ့တုတ်နဲ့ခေါက်ပြီး
ပြန်တောင်းပန်တော့ ကြည်အေးလိုက်၊ ဒဂုန်တာရာလိုက်
တောင်ဒဂုံတာရာကို ကားတာရာလည်ပင်းစွတ်ပြီး မီးရှို့လိုက်
မိဘပြည်သူများကို သူတို့ သတ်ပုံ မှားခဲ့တာ
ပန်းကန်ခေတ်ကတည်းက
သတ်ပုံမှားတဲ့ည နားထောင်၊ အမှားကို ဆင်ခြင်၊ အမှန်ကို ပြင်ပစ်လိုက်
မိတဆိုးဖတဆိုးလေး၊ အကို၊ အမ၊ ဦးကြီး၊ ဒေါ်ကြီးတွေအားလုံး
ဒီလောက် ဝိုင်းဝန်းဆုံးမနေတဲ့ကြားက
မိမဆုံးမဖမဆုံးမအခေါ်ခံရတဲ့အထိ
ချစ်ဟန်ဆောင်ပြီး ပယ်ပယ်နယ်နယ် ချစ်မှုပြုလိုက်
စတုဒီသာမှာဗိုက်ခွေးနမ်းအောင်စားပြီး အလှူရှင်ကို ဆဲပြန်လိုက်

mgyoe.com

mgyoe.com

လာလည်တဲ့ ထုံချိုင်းကို မုန့်သိုင်းခြုံ ကျွေးလွှတ်လိုက်
ပေါက်ပန်းတွေလို၊ လက်ပံတွေလို ကောင်းကင်ကြီး ရပ်သွားတဲ့အထိ
ရာသီတိုင်း ရဲရဲကြီး မိုင်ကုန် ပွင့်ပစ်လိုက်
ကောင်းကင်ကြီးတန့်သွားတဲ့အထိ
နာရီတိုင်း ပြုံပြုံကြီး ကမ်းကုန် လင်းပစ်လိုက်
ကောင်းကင်ကြီး ရှက်သွေးဖြန်း နီမြန်းသွားတဲ့အထိ
အသံကုန်၊ အသားကုန်၊ အသကုန်
မာန်ကုန်၊ ထန်ကုန်၊ ဈာန်ကုန်
အရမ်း၊ အရမ်း၊ အရမ်း
ဖလန်း၊ ဖလန်း၊ ဖလန်းထပစ်လိုက်

mgyoe.com

mgyoe.com


# လေယူလေသိမ်း

ငါ့ အရေပြားကို ဝက်နှစ်မှာ မွေးတယ်
ငါ့အရေပြားထက်အများကြီးငယ်တဲ့
ငါ့လေယူလေသိမ်းကတော့ မကာရရာသီဖွားလို့ပဲ လူသိခံချင်ရဲ့

မိန်းမတွေကိုငါ့လေယူလေသိမ်းနဲ့ ဆွဲဆောင်ပြီး
ငါ့အရေပြားနဲ့ စိုးမိုးတယ်

ငါ့ အရေပြားကရှုမျှော်ခင်းဆိုရင်ငါ့ လေယူလေသိမ်းက
လေကောင်းလေသန့်
ငါ့လေယူလေသိမ်းထဲက လောက်ထွက်လာရင်တောင်
ငါ့အရေပြားရဲ့ ညည်းတွားသံကို မင်းကြားနေမယ်

ငါဆိုတဲ့ကောင်က ငါ့ ကိုယ်ပိုင်အရေပြားထဲမှာ
ရာသက်ပန် တိုက်ပိတ်ခံနေရတာ မဟုတ်
ငါ့လေယူလေသိမ်းထဲက ငါလမ်းလျှောက်ထွက်လိုက်ရင်မင်းရဲ့
အရေပြားအောက်ကို
ငါရောက်သွားမယ်

mgyoe.com

mgyoe.com


ပါးလွန်းတဲ့ငါ့အရေပြားက ရာသီဥတုဒဏ်မခံနိုင်ဘူး
ငါ့ လေယူလေသိမ်းထူပုံများကတော့ရေအောက်မှာတောင်
လေချွန်နေနိုင်တယ်

လူတွေကတော့ ငါ့အသံမကြားခင်
ငါ့အရေပြားကို ကြည့်ပြီးငါဘာကောင်လဲဆိုတာ မှန်းဆကြတယ်
ငါ ပါးစပ်ဟလိုက်တယ်ဆိုရင်ပဲငါ့ လေယူလေသိမ်းက
ငါဘာကောင်လည်းဆိုတာကို ဖွင့်ချတယ်
ငါ့ အရေပြားရဲ့ ဘဝရည်မှန်းချက်ကအပွေးမြင် အပင်သိဆိုသူတွေ
မှားကြောင်းသက်သေပြဖို့
အဲဒါကြောင့်
ငါ့ ပါးစပ်ကို အမြဲပိတ်ထားပြီး ငါ့ အရေပြားကိုအမြဲဖွင့်ထားတယ်

ငါ့လေယူလေသိမ်းနဲ့ ငါ့အရေပြားဘယ်သူသစ္စာပိုရှိလဲငါမပြောနိုင်ဘူး
မရောင့်ရဲနိုင်တဲ့ နေရာမှာတော့ငါ့အရေပြားနဲ့ ငါ့လေယူလေသိမ်း
ထပ်တူပဲ

ငါ့ကို အဖြူလို့ သတ်မှတ်တဲ့နေရာတွေမှာတောင်
ငါ့ လေယူလေသိမ်းအဝါရောင်ကြီးကငါ့ကိုဆွဲဆွဲချတတ်တယ်
ငါ့ပါးစပ်ကထွက်သမျှက ပိုးသတ်မထားတဲ့ လိမ်လည်မှုတွေဆိုတော့
ငါ လေယူလေသိမ်းက အမြဲ အဝါရောင်ကြီးဖြစ်နေတယ်

ငါ့အရေပြားကတော့သူစိတ်ထင်ရင်ထင်သလို
ဘလူး‌ဖ် ဖြစ်ချင်ဖြစ်မယ်
ဂျက်ဖ် ဖြစ်ချင်ဖြစ်မယ်

mgyoe.com

# မြို့ပြမျက်နှာသစ်

နှစ်ဆတိုးထိုးရင်ထိုး၊ မထိုးရင်ဘေးထွက်ထိုင်နေ၊ မင်းနဲ့ မင်းရဲ့
ဟိုဒ်ဘရစ်ဝါဒ
မင်းမျက်နှာ သွားသစ်လိုက်၊ မင်းရဲ့ မသိစိတ်နောက်ကကျူးကိုရွှေ့
ပြီးလူကုံထံရပ်ကွက်လုပ်မယ်၊ မင့်အမှိုက်ပုံကို 'ရွှေပုံသာ'လို့
ပြောင်းခေါ်လိုက်
ခိုလို ညည်းတတ်တဲ့ မင်းရဲ့ ခရီးသွားခိုသားပြည်သူတွေအတွက်
မြေအောက်ရထားလမ်းဖောက်ဖို့ လိုဏ်ခေါင်းတူး၊
မင့်ဦးနှောက်ထဲမှာ လမ်းပန်းဆက်သွယ်ရေးစနစ်ကိုစနစ်တကျတွဲချိတ်၊
အဖြူရောင်မင်္ဂလာဘုရားကျောင်းရှေ့မှာ အမုန်းသော့ခလောက်တွေ
အတွက်ခြံစည်းရိုးလေးတစ်ခု၊
မင်းရဲ့ ဗလာရင်ခေါင်းနံရံတွေပေါ်မှာ ဂရပ်ဖီးတီးဆွဲတာကိုအားပေး
ခွေးတွေအတွက်ခွေးပန်းခြံ၊ အူမြူးခြင်းတွေအတွက်အူမြူးခြင်း ပန်းခြံ
ကလေးတွေအတွက်သင့်တော်တဲ့ပစ္စည်းပစ္စယတွေကိုကလေးစိတ်နဲ့
မိဘတွေကို ပေးမယ်၊ အသက်အရွယ်မရွေး၊
လိင်စွဲမရွေးအားလုံးအတွက် ဘင်ဂိုခန်းမကြီးတွေဆောက်၊
ဒွါရကိုးကျင်းဂေါက်ကွင်းအတွက် မြို့ပြင်ကသစ်တောကို ရှင်း
နိုင်ငံတကာမှ ပြန်လာချင်သူတွေအတွက်ရှယ်ပြေးလမ်းတွေဖောက်ဖို့
သစ်လိုင်စင်တွေချပေး၊ စတိုးဆိုင်ကြီးတွေထဲမှာ

mgyoe.com

mgyoe.com

အလှစိုက်သစ်ပင်တွေစိုက်
အသက်ကြီးလာတယ်ဆိုတာအချိန်မစီးဖြစ်လာတာ၊
သေတယ်ဆိုတာနောက်ဘဝကို မီးသင်္ဂြိုဟ်ခြင်းနဲ့ အပို့ခံရတာ၊
ဟဲဗီးမတ်တယ်လ်ပွဲတွေရောလူထုဝိပဿနာတရားပွဲတွေပါကျင်းပနိုင်တဲ့
စွယ်စုံရအားကစားရုံကြီးတွေတည်
ပြည်သူ့ဆင်ဖနီဂီတဝိုင်းကြီးကို ဦးဆောင်ဖို့ တရုတ်ဆင်စွယ်တူ
နှစ်ချောင်းကို ကန်ထရိုက်ပေးငှား၊ ဒူးရင်းသီးစတိုင် အော်ပရာခန်းမ
အသစ်ကျပ်ချွတ်ကြီးဆောက်ပြီး အိမ်ကလူကြီးရဲ့ နာမည်ပေး၊
ကိုးလမ်းသွား အရိုးကျိုးလမ်းမကြီးကို မြို့ရဲ့
အဓိကသွေးကြောအနေနဲ့ ဖောက်၊ ဆူညံပူညံတွေ
မြို့ပြင်ကိုမောင်းထုတ် ကောင်စီအိမ်တွေကို သယ်ငယ်နဲ့ဖာထေး၊
ပလုံစီပလုံစီလုပ်ချင်သူတွေအတွက် ရေကူးကန်ကြီးတွေ၊
လှိုင်းကြီးလှိုင်းငယ်အရွယ်သုံးပါးမရွေးရီဆိုင်ကယ်လုပ်ပြီး ပြန်သုံး၊
ပြည်သူ့ရင်ပြင်ထဲက သံသယကျောက်တိုင်ကို ဖြို
အဲဒီနေရာမှာ သေချာခြင်းမျှော်စင်ငုံ့ငုံ့ကိုတည်၊
ပင်တဂွန်စစ်ဌာနချုပ်လောက်ကြီးတဲ့ သမ္မတအိမ်တော်ရဲ့
ကျုံးတော်ထဲမှာ မိကျောင်းတွေလွှတ်၊ မင့် ဝိညာဉ်ရဲ့ အုပ်ချုပ်ရေးဌာန
အားလုံးကို လမ်းပေါ်က အသံဗလံတွေမဝင်အောင်
အသံလုံဆောက်၊ မောမယ်၊ ဝေါမယ်၊ သောမယ်မင့်ရဲ့ စူပါ့စူပါမဟာ
မြို့ကြီး
စကြဝဠာစီတီးပြီး ပြည့်စုံစေကွယ်

mgyoe.com

## နိုင်ငံရေးနဲ့ ငြိခြင်း

သူမလည်ချောင်းထဲနင်နေတဲ့ငါ့ကဗျာကိုခြေမနဲ့ ကော်ထုတ်လိုက်ပြီး
မျက်ရည်ပေါက်ကြီးငယ်ကိုစာလုံးသစ်တစ်လုံးနဲ့
အစားထိုးလိုက်တယ်

အထက်ဆင်မပါတဲ့သူမရဲ့ ထဘီအနားဟာနွေထနောင်း၊
ဆောင်းမန်ကျည်း
အဲဒီနေ့ကမိုးမရွာဘူး၊ ရေမကြီးဘူး အသေးစိတ်တွေက
အရေးမကြီးဘူး

အခန်းထောင့်ကသုံးချောင်းထောက်သစ်သားစင်ပေါ်ကစစ်ကိုင်းအိုးလေးမှာ
အရင်အိမ်ရှင်ထုံးတို့ထားခဲ့တဲ့ 'အရဟံ' ဟာသေးသေးတင်ပြုတ်
ရကောက်

mgyoe.com